ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး**

(၁၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်**

**( ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက် )**

**[ သောကြာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ကတိသစ္စာ မပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာ ပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)အရ ကတိသစ္စာမပြုရသေးတဲ့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ဥက္ကဋ္ဌ ရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက စင်မြင့်ရှေ့မှာ နေရာယူပေးဖို့ ဖြစ်ပါတယ်။

ကတိသစ္စာကို တိုင်ပေးတဲ့အခါ တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက လိုက်ဆိုဖို့ ဖြစ်ပါတယ်။

ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

ကတိသစ္စာ တိုင်ပေးတဲ့အခါမှာ ကျွန်ုပ် ဆိုပြီးတဲ့နောက် မိမိ အမည်ကို ထည့်သွင်းရွတ်ဆိုဖို့ ဖြစ်ပါတယ်။ လိုက်ဆိုပါ။

"ကျွန်ုပ် - - - - - - - - - - - - - - - သည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ် ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာ ပြုပါသည်။"

အားလုံး ထိုင်နိုင်ကြပါပြီ။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၈.၃၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။　　။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။　　။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ၁၇-၁၁-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီဝင်ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကတော့ ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ 8$^{th}$ Model ASEM 2017 ဖွင့်ပွဲအခမ်းအနား တက်ရောက်ရန်။

ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ 8th Model ASEM 2017 ဖွင့်ပွဲအခမ်းအနားတက်ရောက်ရန်။ ဒေါက်တာဦးကြွယ်ကြွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ အစည်းအဝေးတက်ရောက်ရန်နှင့် ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၁)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ (၁၅)ဦးဖြစ်ပြီး၊ စုစုပေါင်း ခွင့်ပန်ကြားသူ (၂၆)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၂၆)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ အောင်ပန်းမြို့တွင် ဖွင့်လှစ်ထားသော ကာရာအိုကေဆိုင်များသည် သက်ဆိုင်ရာမှ တရားဝင် ဖွင့်လှစ်ခွင့်ပြုထားခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ယခု ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ် (ခ) ဦးကိုလတ် က ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ အောင်ပန်းမြို့တွင် ဖွင့်လှစ်ထားသော ကာရာအိုကေ ဆိုင်များသည် သက်ဆိုင်ရာမှ တရားဝင် ဖွင့်လှစ်ခွင့်ပြုထားခြင်း ရှိ/မရှိ သိရှိလိုခြင်းနဲ့ ပတ်သက်တဲ့ မေးခွန်း ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးဇော်မင်းလတ်(ခ) ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အမှတ်(၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလတ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းတဲ့ မေးခွန်းကတော့ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊

အောင်ပန်းမြို့မှာ ဖွင့်လှစ်ထားတဲ့ ကာရာအိုကေဆိုင်တွေဟာ သက်ဆိုင်ရာက တရားဝင်ဖွင့်လှစ်ခွင့် ရှိ/မရှိ နဲ့ ဆက်စပ်တဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကလောမြို့နယ် အောင်ပန်းမြို့ဟာ ရှမ်းပြည်တောင်ပိုင်းမှာ တည်ရှိပြီး မြန်မာပြည်မနဲ့ ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့ ဆက်သွယ်ရာ ကားလမ်း၊ ရထားလမ်းဆုံရာမှာ တည်ရှိတဲ့ မြို့ဖြစ်ပါတယ်။ အောင်ပန်းမြို့ဟာ ရှမ်းပြည်နယ်တောင်ပိုင်းရဲ့ ထွက်ကုန်တွေကို ကူးသန်းရောင်းဝယ်ရာ အဓိက စီးပွားရေးမြို့တော်လည်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းရဲ့ အဓိကထွက်ကုန်တွေဖြစ်တဲ့ သစ်တော်၊ လိမ္မော်၊ မက်မန်းစတဲ့ သစ်သီးဝလံတွေ၊ ပန်းမန်တွေ၊ ငရုတ်၊ ချင်း၊ အာလူး၊ ကြက်သွန်ဖြူ၊ ဂေါ်ဖီ၊ မုန်လာစတဲ့ ဟင်းသီးဟင်းရွက်တွေ လက်ဖက်၊ ပြောင်း၊ ဂေါ်ဖီ စတဲ့ စိုက်ပျိုးရေးထွက်ကုန်တွေကို ဒေသခံ ဓနု၊ ပအိုဝ်း၊ တောင်ရိုး၊ ပလောင်စတဲ့ တိုင်းရင်းသားတောင်သူတွေက စိုက်ပျိုးပြီး အောင်ပန်းမြို့မှာရှိတဲ့ ပွဲရုံတွေကတစ်ဆင့် မြန်မာနိုင်ငံ တစ်ဝန်းလုံးကို တင်ပို့ရောင်းချကြလို့ အောင်ပန်းမြို့ဟာ မြန်မာပြည်ရဲ့ စားဖိုဆောင်လို့လဲ တင်စားခေါ်ဝေါ်ကြပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အောင်ပန်းမြို့ဟာ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းတဲ့ မြို့ဖြစ်လို့ ဖွံ့ဖြိုးတိုးတက်မှုကလည်း မြန်ဆန်ကြီးထွားလာပါတယ်။ ဖွံ့ဖြိုးတိုးတက်လာမှုနဲ့အတူ မလိုလားအပ်တဲ့ ဆုတ်ယုတ်ပျက်စီးမှုများကလည်း ဒွန်တွဲ ဖြစ်ပေါ်လာပါတယ်။ အဲဒါတွေကတော့ ရိုးသားတဲ့ ဒေသခံတိုင်းရင်းသားတွေရဲ့ ပင်ပင်ပန်းပန်းကြိုးစားအားထုတ်ပြီးမှ ရရှိလာတဲ့ ချွေးနှဲစာတွေကို ဒေသခံတွေရဲ့ ရိုးသားတဲ့ တိုင်းရင်းသားတွေရဲ့ စာရိတ္တတွေကို ပျက်စီးစေပြီး အာရုံ(၆)ပါး မှောက်မှားအောင် နည်းလမ်းအသွယ်သွယ်နဲ့ လှည့်စားရယူနေတဲ့ ဝိသမလောဘသားတွေရဲ့ လုပ်ငန်းအမျိုးမျိုးတွေပါပဲ။ အဲဒီလုပ်ငန်းတွေထဲမှာ ဝိသမလောဘသားတွေရဲ့ ဆိုင်ခမ်းခမ်းနားနားကြီးတွေနဲ့ ပြောင်ပြောင်တင်းတင်း ဖွင့်လှစ်ပြီး ဒေသခံရိုးသားတဲ့ တိုင်းရင်းသားတွေရဲ့ စာရိတ္တကို ချိုးဖျက်နေတဲ့ ဒေသခံတိုင်းရင်းသားတွေရဲ့ လူမှုဘဝကို ပျက်စီးစေတဲ့ စည်းကမ်းမဲ့စွာ ဖွင့်လှစ်ထားတဲ့ ဗီဒီယို၊ ကာရာအိုကေဆိုင်လုပ်ငန်းတွေလည်း ပါပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဗီဒီယို၊ ကာရာအိုကေ၊ အပန်းဖြေဆိုင် ဖွင့်လှစ်မယ့်သူ မည်သူမဆို လိုက်နာရမယ့် စည်းကမ်း(၁၅)ချက်ကို သက်ဆိုင်ရာက ထုတ်ပြန်ပေးထားပါတယ်။ သို့သော် အောင်ပန်းမြို့မှာ ဖွင့်လှစ်ထားတဲ့ ကာရာအိုကေဆိုင်တွေဟာ Power Point မှာ တင်ပြထားတဲ့အတိုင်း ညွှန်ကြားထားတဲ့ လိုက်နာရမယ့် စည်းကမ်းချက်တွေနဲ့ ညီညွတ်မှုမရှိပါဘူး။ ဖွင့်လှစ်ထားတဲ့ ကာရာအိုကေဆိုင်တွေမှာ အဆိုးဝါးဆုံး စည်းကမ်းချိုးဖောက်မှုတွေဖြစ်တဲ့ (၁) ယစ်မျိုးလိုင်စင်မရှိဘဲ အဖျော်ယမကာများ ရောင်းချခြင်း၊ (၂) စားပွဲထိုးရန်ဖြစ်စေ၊ အကူသီဆိုရန်ဖြစ်စေ၊ မိန်းကလေးတွေထားပြီး မိန်းကလေးတွေရဲ့ စိတ်ဓာတ်နဲ့ စာရိတ္တကို ပျက်စီးစေခြင်း၊ (၃) ည(၁၁)နာရီအထိသာ ဖွင့်လှစ်ရန် ညွှန်ကြားထားသော်လည်း စည်းကမ်းဖောက်ဖျက်ပြီး ညလုံးပေါက် ဖွင့်လှစ်ရောင်းချခြင်း၊ (၄) လူငယ်လူရွယ်များ အရက်သေစာနဲ့ မူးယစ်ဆေးဝါး သုံးစွဲမှုများ မြင့်တက်လာစေခြင်း၊ (၅) လာရောက်အပန်းဖြေသူများ မူးယစ်ရမ်းကားမှုကြောင့် အနီးနားရပ်ကွက်မှ ဒေသခံများနှင့် ခိုက်ရန်ဖြစ်ပွားမှုများ မကြာခဏဖြစ်ပွားခြင်း၊ (၆) တစ်ဆိုင်နှင့်တစ်ဆိုင် ခြံစည်းရိုးသာခြားပြီး ဗီဒီယို၊ ကာရာအိုကေ ပွဲဈေးတန်းကြီးသဖွယ် ဖွင့်လှစ်ထားကြခြင်း၊ (၇) ညလုံးပေါက်

ဆိုင်ကယ်သံ၊ ကားသံ၊ သီချင်းဆိုသံများကြောင့် အနီးနားရှိ ရပ်ကွက်နေပြည်သူများအတွက် ကြီးမားသော အနှောင့်အယှက်များ ဖြစ်နေခြင်း စတဲ့ စည်းကမ်းမဲ့ အပြုအမူများစွာနဲ့ ဖွင့်လှစ်ရောင်းချနေကြောင်း တွေ့ရှိရပါတယ်။

ဒ့ါအပြင် အောင်ပန်း၊ ပင်းတယလမ်းဘေး ၀ဲ/ ယာမှာရှိတဲ့ ကာရာအိုကေဆိုင်တန်းတွေဟာ ဆိုရင် ပဏ္ဍိတရာမဗုဒ္ဓဘာသာဘုန်းတော်ကြီး စာသင်တိုက်နဲ့ သီလရှင် စာသင်တိုက်တို့ အနီးမှာ ဖွင့်လှစ်ထားတာဖြစ်၍ အောင်ပန်းမြို့ရဲ့ ဂုဏ်ကျက်သရေကို နိမ့်ကျစေပါတယ်။ နဂိုရိုးသားပြီး ကြိုးစားတဲ့ ဒေသခံတိုင်းရင်းသားတောင်သူတွေဟာ တောင်ယာထွက် စိုက်ပျိုးရေးထွက်ကုန်တွေကို ရောင်းချရလာတဲ့ ငွေကြေးများကို မိသားစုရှေ့ရေးအတွက် အသုံးမပြုနိုင်ဘဲ ဒေသခံတိုင်းရင်းသားတွေရဲ့ လူမှုဘ၀ကို ပျက်စီးစေတဲ့အတွက် အဲဒီကာရာအိုကေဆိုင်တွေကို အရေးယူစေချင်ပါတယ်။ ဒါကြောင့် ဒေသခံ မဲဆန္ဒရှင် အောင်ပန်း နယ်သူနယ်သားများတွေရဲ့ကိုယ်စား ကျွန်တော့်အနေဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းလိုသည်မှာ အောင်ပန်းမြို့တွင် ဖွင့်လှစ်ထားသော ကာရာအိုကေဆိုင်များသည် သက်ဆိုင်ရာမှ တရားဝင်ဖွင့်လှစ်ခွင့် ပြုထားခြင်း ရှိ/မရှိနှင့် တရားဝင် ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ထားသည်ဖြစ်စေ၊ တရားမဝင်ဖွင့်လှစ်ထားသည်ဖြစ်စေ စည်းကမ်းမလိုက်နာဘဲ ချိုးဖောက်နေသော ကာရာအိုကေဆိုင်များကို အရေးယူပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလို၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ကာရာအိုကေဆိုင်များ တစ်ဆိုင်နှင့်တစ်ဆိုင် နီးကပ်စွာ တည်ရှိနေသော မြင်ကွင်းပုံ (မ)



ကာရာအိုကေဆိုင်များ တစ်ဆိုင်နှင့်တစ်ဆိုင် လမ်းမကြီးဘေးတစ်လျှောက် နီးကပ်စွာ တည်ရှိနေသော မြင်ကွင်းပုံ (မ-၁)



အလုံပိတ်အခန်းများဖြင့် ကာရာအိုကေ သီဆိုခန်းများ တည်ဆောက်ထားသော မြင်ကွင်းပုံ (မ-၂)



**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၆။**

**ဒေါက်တာဖေမြင့် (ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလတ်(ခ)ဦးကိုလတ် ရဲ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ အောင်ပန်းမြို့မှာ ဖွင့်လှစ်ထားတဲ့ ကာရာအိုကေဆိုင်များသည် သက်ဆိုင်ရာမှ တရားဝင်ဖွင့်လှစ်ခွင့်ပြုထားခြင်း ရှိ/မရှိနဲ့ မရှိပါက မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ဆိုသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ အဆိုပါမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို မေးမြန်းခဲ့ရာမှာ ယင်းလုပ်ငန်းများကို ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနဲ့ ဗီဒီယို ဥပဒေအရလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဗီဒီယို လုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီရဲ့ ညွှန်ကြားချက်များနဲ့အညီ ဖွဲ့စည်းထားရှိတဲ့ တိုင်းဒေသကြီး/ပြည်နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီရဲ့ တာဝန်နဲ့လုပ်ပိုင်ခွင့်များ အရလည်းကောင်း၊ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါတယ်။

မြန်မာနိုင်ငံမှာ ဗီဒီယို၊ ကာရာအိုကေ သီဆိုခြင်းလုပ်ငန်းကို ၁၉၉၄ ခုနှစ် ဝန်းကျင်က စတင်လုပ်ကိုင်ဆောင်ရွက်ကြတာ ဖြစ်ပါတယ်။ ဒါကို ဗီဒီယိုပြသခြင်း လုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်ပြီးတော့ ရုပ်မြင်သံကြားနဲ့ ဗီဒီယိုဥပဒေအရ ဗီဒီယိုလုပ်ငန်းဆိုင်ရာ နည်းဥပဒေအခန်း ၃၊ နည်းဥပဒေ ၁၁၊ ၁၂ ပါ ဗီဒီယိုပြသခြင်း လုပ်ငန်းလိုင်စင်(ခ)အတိုင်း ကောက်ခံခဲ့ပါတယ်။ ဒီနောက်မှာ ၁၉၉၉ ခုနှစ်၊ နှစ်ကုန်ပိုင်းက အစပြုပြီး ဗီဒီယို၊ ကာရာအိုကေ သီဆိုခြင်းလုပ်ငန်းလုပ်ကိုင်မှု တိုးတက်များပြားလာတဲ့အတွက် လိုင်စင် စည်းကမ်းသတ်မှတ်ချက်များ ထုတ်ပြန်ပြီး ဗီဒီယို၊ ကာရာအိုကေသီဆိုခြင်း လုပ်ငန်းအမည်နဲ့ သီးခြားလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အနေနဲ့ကတော့ မြို့နယ်အသီးသီးမှာ ဗီဒီယို၊ ကာရာအိုကေလုပ်ငန်းများကို စီးပွားရေးအလို့ငှာ လုပ်ကိုင်ခွင့်ပြုဖို့ လျှောက်ထားခဲ့တဲ့ လုပ်ငန်းရှင် (၂၈၃)ဦးရှိပြီးတော့ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ဗီဒီယိုလုပ်ငန်းစိစစ် ကြီးကြပ်ရေးဗဟိုကော်မတီရဲ့ သတ်မှတ်ချက်များနဲ့အညီ ရှမ်းပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌရဲ့ ကြီးကြပ်ကွက်ကဲမှုနဲ့ ဗီဒီယို၊ ကာရာအိုကေ လုပ်ငန်းလိုင်စင်များ ချထားဆောင်ရွက်ပေးလျက်ရှိကြောင်း ပြီးတော့ ကလောမြို့နယ်၊ အောင်ပန်းမြို့မှာကတော့ ဗီဒီယို၊ ကာရာအိုကေလုပ်ငန်းများကို ၂၀၀၀ ပြည့်နှစ်ကနေစပြီး ခွင့်ပြုခဲ့ရာမှာ ဗီဒီယို၊ ကာရာအိုကေ လုပ်ငန်းလိုင်စင် ခွင့်ပြုထားသူ(၁၄)ဦးရှိပြီး ရှမ်းပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌရဲ့ ကြီးကြပ်မှုနဲ့ တရားဝင်လိုင်စင်ရယူ ဖွင့်လှစ်ခွင့်ပြုထားပါကြောင်း အကယ်၍ လိုင်စင်မရှိဘဲ တရားမဝင်ဖွင့်လှစ်ပါက ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနဲ့ ဗီဒီယိုဥပဒေအရ ထိုသူကို ထောင်ဒဏ်(၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်တစ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမှာဖြစ်တဲ့အပြင် ပြစ်မှုနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ ပစ္စည်းများကိုလည်း

ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမယ်လို့ ပြဋ္ဌာန်းထားပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မျိုးတုန်းပျောက်ကွယ်လုနီးပါးဖြစ်နေသော ဆလုံ(မော်ကင်း)လူမျိုးအား ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ပေးခြင်းတို့ကို မည်ကဲ့သို့ ဆောင်ရွက်ပေးနေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခင်မောင်ဝင်း က မျိုးတုန်း ပျောက်ကွယ်လုနီးပါးဖြစ်နေသော ဆလုံ(မော်ကင်း) လူမျိုးအား ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းတို့ကို မည်ကဲ့သို့ ဆောင်ရွက်ပေးနေသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများအားလုံးကို မင်္ဂလာပါခင်ဗျားလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၁၁) ကော့သောင်းမြို့နယ်က ဒေါက်တာခင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မျိုးတုန်းပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ ဆလုံ(ခေါ်) မော်ကင်းလူမျိုးများအား ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းကို သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်တဲ့ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများမှ မည်ကဲ့သို့ဆောင်ရွက်နေသည်ကို သိရှိလိုတဲ့မေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းလေးကို မမေးခင် ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါရန် ဥက္ကဋ္ဌကြီးကို တောင်းဆိုအပ်ပါသည်ခင်ဗျား။ ဟုတ်ကဲ့။ ဒီဟာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ တောင်ဘက်အစွန်ဆုံး ဒီ ကော့သောင်းမြို့ရဲ့ တနင်္သာရီတိုင်းဒေသကြီးကို ကျွန်တော်တို့ ပြထားတဲ့ ပုံလေးဖြစ်ပါတယ်။ အဲဒီမှာဆိုရင် ကျွန်တော်တို့ ကော့သောင်းခရိုင်နဲ့ အနီးကပ်ရှိတဲ့ အနီရောင်လေးပြထားတဲ့ ဒီကျွန်းလေးကတော့ မကြုံဂလက် ဆိုတဲ့နေရာကို ပြထားတာပါ။

ဒါ ပုံအကျယ်ချဲ့ပြလိုက်တာပါ။ အဲဒီအနီရောင်လေးရဲ့ထိပ်မှာရှိတဲ့ဟာကတော့ ကျွန်တော်တို့ လန်ပိကျွန်းလို့ ခေါ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ASEAN Heritage နော် ကျွန်တော်တို့ National Park အဖြစ် ကျွန်တော်တို့ ဒီ သဘာဝ၊ ကျွန်တော်တို့ ထိန်းသိမ်းရမယ့် ဥယျာဉ်ဖြစ်ပါတယ်။ ဒီမှာဆိုရင် ကျွန်တော် ခုနကပြထားတဲ့ မကြုံဂလက်ဆိုတဲ့ အဲဒီနေရာရဲ့ နေရာလေးကို ကျွန်တော်


ပြချင်လို့ အနီရောင်အစက်အလေးနဲ့ ပြထားတာပါ။ ဒီဘက်ကအစွန်မှာဆိုရင် ဇာဒက်ကြီးကျွန်း ရှိသလို ဒါ လန်ပိကျွန်းရယ် ကျွန်းပေါင်းများစွာရှိပါတယ်။ ဒါတွေဟာ ကော့သောင်းခရိုင်အတွင်းမှာ ရှိပါတယ်။

ဟုတ်ကဲ့။ ဒါက ကျွန်တော်တို့ ဗိုလ်ချိုကျွန်းပေါ့။ ခုနပြတဲ့ မကြံ့ဂလက်ကျေးရွာ ရှိတဲ့နေရာ၊ အဲဒီနေရာလေးကတော့ ကျွန်တော်တို့ ဆလုံရိုးရာပွဲတော်တွေ နှစ်စဉ်ကျင်းပလေ့ရှိတဲ့နေရာလေး တစ်ခု ဖြစ်ပါတယ်။ ဟုတ်ကဲ့။ အဲဒါ ရွာကို အကျယ်ချဲ့ပြထားတာပါခင်ဗျား။ အဲ့ဒီမှာ တံတားလေးတစ်စင်း လည်း မြင်ရပါလိမ့်မယ်။ ဟုတ်ကဲ့။ ဒါ ဆလုံတွေရဲ့ ရိုးရာတွေ နတ်ကိုးကွယ်တဲ့ တိုင်လေးဖြစ်ပါတယ်။ ဒါကတော့ ဆလုံတစ်စုဟာဆိုရင် သူတို့ ရိုးရာသီချင်းဆိုပြီးတော့ က နေတဲ့ပုံလေး ဖြစ်ပါတယ်ခင်ဗျား။ ဒါဟာ ဒီလှေကလေးတွေဟာ သစ်လုံးနဲ့ထွင်းထားတဲ့ ကျွန်တော်တို့ ကနူးဆိုတဲ့ သူတို့ရဲ့ လှေငယ်တွေ ဖြစ်ပါတယ်။ ဒါကတော့ ဆလုံအုပ်စုတစ်စုမှာဆိုရင် ကျွန်တော်တို့ ရှေ့ဆုံးကရှိတဲ့ လှေကြီးကို ကဗန်းလှေ လို့ခေါ်ပါတယ်။ နောက်ကလှေလေးတွေကတော့ ကနူးလို့ခေါ်တဲ့ လှေငယ်လေးတွေ၊ အဲဒီလို သူတို့ဟာ ဒီ ရာသီဥတုပွင့်လင်းတဲ့ နွေရာသီ၊ ဆောင်းရာသီမှာဆိုရင် သူတို့အမြဲတမ်း ဒီ ပင်လယ်ပြင်ကို ထွက်ပြီးတော့ အုပ်စုလိုက် ငါးရှာလေ့ရှိပါတယ်။ ဟုတ်ကဲ့။ ဒါကတော့ စစ်တပ်ဂလက် လို့ခေါ်တဲ့ ကျွန်တော်တို့ ခုနကပြောတဲ့ သဘာဝထိန်းသိမ်းဥယျာဉ်ရဲ့ အစွန်မှာရှိတဲ့ ကျွန်းဆွယ်လေးမှာ ပြထားတာပါ။


ဟုတ်ကဲ့၊ ဒါကတော့ ကျွန်တော်တို့ဆီက သဘာဝအလှလေး တစ်ခုပြတာပါ။ ဟုတ်ကဲ့။ ဒါကတော့ ကျွန်တော်တို့ဆီမှာ နာမည်ကြီးတဲ့ အသဲပုံကျွန်းလေးကို ပြတာပါ။ ဟုတ်ကဲ့။ ရပါပြီ။

အဲဒီတော့ ကျွန်တော်တို့ ဒီ မော်ကင်းဆိုတဲ့ တိုင်းရင်းသားများဟာ ကျွန်တော်တို့ ကော့သောင်း ခရိုင်မှာ အများဆုံးရှိပါတယ်။ နောက်တစ်ခုက မြိတ်ခရိုင်မှာလည်း ရှိပါတယ်။ အဲဒီတော့ သူတို့က အဲဒီဟာ ဇာဒက်ကြီးကျွန်းပေါ်မှာဆိုရင် သူတို့(၄၇၀)လောက် ဦးရေရှိသလို မကြံ့ဂလက်တို့၊ ညောင်ဝိတို့၊ ဂျလန်းတို့၊ ဂျာအုန်းတို့ အဲဒီကျွန်းတွေမှာလည်း ဆလုံတွေ နေထိုင်ကြပါတယ်။ ဒီလူမျိုးတွေဟာ အင်မတန်ကို စိတ်ဝင်စားစရာကောင်းပြီးတော့ ရှေးပဝေသဏီကတည်းက ဒီကျွန်းတွေမှာ အခြေချပြီး နေကြတာပါ။ သူတို့ကို ဆလုံလူမျိုးလို့လည်း ခေါ်သလို မော်ကင်းလို့လည်းခေါ်တယ်။ အဓိပ္ပာယ်ကတော့ ရေတွင်ပျော်မွေ့သူလို့ ခေါ်ပါတယ်။ ထိုင်းတွေအနေနဲ့ဆိုရင် ချော်နန်လို့ခေါ်တယ်။ အဓိပ္ပာယ်ကတော့ ရေတွင်ပျော်မွေ့သူလို့ ခေါ်ပါတယ်။ ကမ္ဘာ့သမိုင်းပညာရှင်တွေကတော့ သူတို့ကို ပင်လယ်ဂျစ်ပစီလို့ ခေါ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဆလုံတွေဟာဆိုရင် သူတို့မွေးဖွားတာကနေ သေတဲ့အထိကို သူတို့ ရေထဲမှာပဲနေတာ။ သူတို့ရဲ့ အရင်သဘာဝဟာဆိုရင် ကဗန်းလှေဆိုတဲ့ ခုနက လှေကြီးကို အမှီပြုပြီးတဲ့ အခါမှာ နောက်ကွယ်မှာဆိုရင် ကနူးဆိုတဲ့လှေကလေးတွေနဲ့ ပွင့်လင်းရာသီမှာ အမြဲတမ်း သူတို့ အုပ်စုလိုက် ပင်လယ်ပြင်မှာ ငါးဖမ်းကြပါတယ်။ ဆလုံတွေဟာ တစ်နေရာတည်းမှာ အတည်တကျ နေလေ့မရှိပါဘူး။ သူတို့က လူကြောက်ပြီးတော့ တစ်နေရာနဲ့တစ်နေရာ ပြောင်းရွှေ့ပြီး အမြဲသွားလာ နေတဲ့သူတွေ ဖြစ်ပါတယ်။ နောက်တစ်ချက်ကဆိုရင် ဆောင်းရာသီနဲ့ နွေရာသီတို့မှာ ဆိုရင် မိသားစုလိုက်ရှာပြီး၊ မိုးရာသီ လှိုင်းလေထန်တဲ့အချိန်မှာဆိုရင် သူတို့က ကျွန်းတွေမှာ ပိုပြီးတော့ နေလေ့ရှိပါတယ်။ အော် ဟုတ်ကဲ့။ ကျွန်တော် မေးခွန်း မေးလိုတာတော့ ဒီ---------

လန်ပိကျွန်း နှင့် ဗိုက်ရွဲကျွန်း၏ မြင်ကွင်းပုံ (ယ)




ဆလုံလူမျိုးများ ကနေသော မြင်ကွင်းပုံ (ယ-၁)



ကဗန်းလှေကြီးနှင့် လှေငယ်လေးများ၏ မြင်ကွင်းပုံ (ယ-၂)



**ဥက္ကဋ္ဌ**။ ။ ကဲ ဆုံးသွားပြီ ကိုယ်စားလှယ်ကြီး။ ကိုယ်စားလှယ်ကြီးအနေနဲ့ ကိုယ့်မေးခွန်းကိုကြည့်။ ကိုယ်မေးချင်တာက ဘာမေးချင်တာလဲ။ မေးချင်တာကို မမေးဘဲနဲ့ အကျယ်ချဲ့လိုက်တော့ ကိုယ်မေးချင်တဲ့မေးခွန်းဆီ မရောက်တော့ဘူး။ ဒါ ကိုယ်စားလှယ်တို့လည်း အခု သက်တမ်း(၂)နှစ်ပြည့်ခါနီးပါပြီ။ ဒါလေး ကိုယ့်မေးခွန်း မေးမယ်ဆို ကိုယ့်မေးခွန်းကို ဘာမေးမယ်၊ အဓိကထားမေးပါ။ အခုတော့ အဓိကထားမမေးဘဲ မဆိုင်တာတွေ လျှောက်မေး။ မဆိုင်တာတော့ မဟုတ်ဘူးပေါ့လေ။ အကျဉ်းချုပ်ပြောရမယ့်ဟာ ကိုယ့်မေးခွန်း အရာမရောက်တာတွေ မေးလိုက်တော့၊ ကိုယ်မေးချင်တာ မရောက်ဖြစ်သွားတယ်။ အဲဒါ သတိထားပေးပါ။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**နိုင်သက်လွင် (ပြည်ထောင်စုဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ လိုအင်ဆန္ဒနဲ့ ပြည့်ဝကြပါစေလို့ ရှေးဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်း ၏ မျိုးတုန်းပျောက်ကွယ်လုနီးပါးဖြစ်နေသော ဆလုံ(ခေါ်)မော်ကင်းလူမျိုးအား

ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ပေးခြင်းတို့ကို မည်ကဲ့သို့ ဆောင်ရွက်ပေးနေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ မေးသည့် မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားပေးမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆလုံလူမျိုးများသည် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ ရေမြစ်ကြီးကျေးရွာအုပ်စု၊ ဒုံးညောင်မှိုင်းကျေးရွာ၊ ဒုံးပလဲအော်ကျေးရွာ၊ ပရော့ဝါးကျေးရွာ၊ ဒုံးဒဟွန်းကျေးရွာ၊ ဒုံးရွှေသန်းကျေးရွာ၊ သဲတန်းကြီးကျေးရွာ၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ ဇာဒက်ကြီးကျေးရွာအုပ်စု၊ ဇာဒက်ကြီးကျေးရွာ၊ စူငယ်ဘာလိုင်းကျေးရွာအုပ်စု၊ မကြုံဂလက်ကျေးရွာ၊ ဂျလန်းကျေးရွာ၊ ဂျာအုန်းကျေးရွာ၊ ညောင်ဝိကျေးရွာ၊ တလွန်းဆလုံရွာနှင့် ဘုတ်ပြင်းမြို့နယ်၊ အလယ်မန်ကျေးရွာအုပ်စု၊ အလယ်မန်ကျေးရွာ၊ လငန်းကျေးရွာတို့တွင် နေထိုင်လျက်ရှိပြီး မြေပြင်စာရင်းများအရ ဆလုံ၊ ဗမာ-ဆလုံ၊ ကရင်-ဆလုံ၊ မွန်-ဆလုံ၊ ပအိုဝ်း-ဆလုံ၊ အိမ်ထောင်စု (၄၄၀)စု၊ လူဦးရေ(၁၈၁၉)ဦးရှိပြီး ဆလုံလူမျိုး(သီးသန့်)အနေဖြင့် မြိတ်ခရိုင်တွင် အိမ်ထောင်စု(၉၈)စု၊ လူဦးရေ(၄၃၁)ဦးရှိသည့်အတွက် တနင်္သာရီတိုင်းဒေသကြီးတွင် ဆလုံလူမျိုး (သီးသန့်)အိမ်ထောင်စု (၁၄၅)စု၊ လူဦးရေ(၆၃၅)ဦး နေထိုင်လျက်ရှိပါတယ်။

တနင်္သာရီတိုင်းဒေသကြီးအစိုးရက ဆလုံလူမျိုး မျိုးတုန်းပျောက်ကွယ်မှုမရှိစေရေး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းအနေဖြင့် ဆလုံလူမျိုးများ ပညာသင်ကြားခွင့် ပိုမိုရရှိစေရန် အခြေခံပညာကျောင်းများ ဖွင့်လှစ်ပေးခြင်းအပြင် ကော့သောင်းမြို့နယ်၊ စူငယ်ဘာလိုင်းကျေးရွာအုပ်စု၊ မကြုံဂလက်ကျေးရွာတွင် ၂၀၁၇ ခုနှစ် ပညာသင်နှစ်မှစ၍ ကျောင်းအိပ်/ကျောင်းစား၊ ဘော်ဒါဆောင် ပေ(၁၂၀ x ၃၆) တစ်ဆောင်အား ဆောက်လုပ်လှူဒါန်းပေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဆလုံရိုးရာပွဲတော်များ ကျင်းပနိုင်ရန် ၂၀၁၆ ခုနှစ်မှစ၍ နှစ်စဉ် ထောက်ပံ့ပေးလျက်ရှိခြင်း၊ ဆလုံတိုင်းရင်းသား အိမ်ထောင်စုများအတွက် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ လစဉ် ဆန်ဖိုးငွေ ထောက်ပံ့ပေးခြင်း၊ သက်ဆိုင်ရာဌာနများမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း၊ ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြင့်တင်ရေး စီမံကိန်းအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေး လျက်ရှိခြင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ ယခင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် နှစ်ဦးနှစ်ဖက်သဘောတူ စာချွန်လွှာလက်မှတ်ရေးထိုး ထားသော အပြည်ပြည်ဆိုင်ရာ အပင်နှင့် တောရိုင်းတိရစ္ဆာန်များ ကာကွယ်ထိန်းသိမ်းရေးအဖွဲ့(Fauna and Floral International (FFI) Myanmar Programme) တို့မှ အခြေပြု ခရီးသွားလုပ်ငန်း (Community Based Tourism-CBT)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ထိုကဲ့သို့ ဆလုံလူမျိုးများအား ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများဖြစ်သည့် ဒေသဖွံ့ဖြိုးရေးနှင့် လတ်တလော လိုအပ်ချက်များ ကူညီထောက်ပံ့ခြင်း၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ မတိမ်ကော၊ မပပျောက် အောင် အသိပညာပေးခြင်း၊ ပြပွဲပြိုင်ပွဲများ စီစဉ်ဆောင်ရွက်ပေးခြင်း၊ ဒေသခံများ ပူးပေါင်းစီမံခန့်ခွဲသော အဏ္ဏဝါရေပြင်ဧရိယာ(LMMA)များ သတ်မှတ်၍ ဆလုံလူမျိုးများပါဝင်သည့် ရေပြင်အား ထိန်းသိမ်း စောင့်ရှောက်ရေး အစီအစဉ်များ ဆောင်ရွက်ပေးခြင်းနှင့် ဆလုံလူမျိုးများ၏ သဘောသဘာဝအရ

ကင်းမွန်မှုအားခြင်း၊ ငါးမျှားခြင်းများ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုထားခြင်း၊ လူမှုအဖွဲ့အစည်း အခြေပြု ခရီးသွားလုပ်ငန်း(CBT)များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်းနှင့် ပင်လယ်ရေလုပ်ငန်းခွင် များတွင် မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲခြင်းများ မပြန့်ပွားအောင် တာဝန်ရှိဌာနအဖွဲ့အစည်း အသီးသီးမှ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်အတွင်းရှိ ကျွန်းများတွင် နေထိုင် လျက်ရှိသော ဆလုံ(ခ)မော်ကင်းလူမျိုးတို့၏ ဓလေ့ထုံးစံများ ထိန်းသိမ်းကာကွယ်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးဖော်ဆောင်ခြင်းနှင့် လူမျိုးစု မတိမ်ကော မပပျောက်ရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာကိစ္စများသည် ရေရှည်အချိန်ယူဖြေရှင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်သည့်အပြင် အထက်ပါလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် အောင်မြင်အောင် အကောင် အထည်ဖော်ဆောင်ရွက်ရန် လုံလောက်သော ရန်ပုံငွေများ လိုအပ်ခြင်းနှင့် သက်ဆိုင်ရာဌာန တာဝန်ရှိ သူများနှင့် မနုဿဗေဒပညာရှင်ကဲ့သို့သော ကျွမ်းကျင်ပညာရှင်များပါဝင်သည့် အထူးကော်မတီတစ်ရပ် ဖွဲ့စည်းနိုင်ရန်လည်း လိုအပ်လျက်ရှိပါတယ်။

လတ်တလောအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရမှ ၁၆-၂-၂၀၁၇ ရက်စွဲဖြင့် ကရင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ခေါင်းဆောင်သော အဖွဲ့ဝင်ပေါင်း (၁၆)ဦးပါဝင်သည့် ကွင်းဆင်း လေ့လာရေးအဖွဲ့ကိုလည်းကောင်း၊ ၁၃-၇-၂၀၁၇ ရက်စွဲဖြင့် ကရင်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကိုလည်းကောင်း ဖွဲ့စည်း၍ ဆလုံတိုင်းရင်းသား မျိုးနွယ်စုတို့၏ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ရိုးရာဓလေ့ထုံးစံများ မကွယ်ပျောက်စေရေးအတွက် အဓိက အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူလူထုနှင့်ပူးပေါင်း၍ ဩဂုတ်လ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ကော့သောင်းခရိုင်ရှိ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဦးစီးဌာန ညွှန်ကြားရေးမှူးရုံး များကို ဖွင့်လှစ်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင်လည်း တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးများ ဖွင့်လှစ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက် နိုင်မည်ဖြစ်ပြီး ဆလုံ(ခေါ်) မော်ကင်း မျိုးနွယ်စုအပြင် အခြားတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံနှင့် တိုင်းရင်းသားအခွင့်အရေးများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားနိုင်မည် ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တရားဝင်ကုန်သွယ်ရေးဇုန်အဖြစ် သတ်မှတ်ထားသော နယ်မြေဒေသ မြို့ကြီးများတွင် နိုင်ငံခြားသုံးငွေ ဘဏ်စာရင်း ဖွင့်လှစ်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် က တရားဝင်ကုန်သွယ်ရေးဇုန်အဖြစ် သတ်မှတ်ထားသော နယ်မြေဒေသ မြို့ကြီးများတွင် နိုင်ငံခြားသုံးငွေ ဘဏ်စာရင်း ဖွင့်လှစ်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ပြည်ထောင်စုဝန်ကြီးများ အားလုံး ကျန်းမာရွှင်လန်းပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံအောင် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ယနေ့ ကျင်းပပြုလုပ်တဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ နယ်စပ် ကုန်သွယ်ရေးပြဿနာ ကြုံတွေ့ရတဲ့ နိုင်ငံခြားသုံးငွေ ဘဏ်ငွေစာရင်းဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို နယ်စပ်အသီးသီးမှ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများကိုယ်စား မေးမြန်းခွင့် တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ မျက်မှောက်ကာလတွင် စီးပွားစနစ်နှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လွယ်ကူခြင်းတို့ကြောင့် ပြည်တွင်းပြည်ပ ကုန်သွယ် လုပ်ငန်းဖွံ့ဖြိုးတိုးတက်လျက်ရှိပါတယ်။ ထို့အပြင် ကုန်စည်စီးဆင်းမှုနဲ့အတူ လည်ပတ်နေသော ငွေကြေး ပမာဏ အဆမတန် များပြားလာပါတယ်။ ငွေရေးကြေးရေးကဏ္ဍတွင် မိမိပိုင်ငွေများသာမက အိမ်နီးချင်း နိုင်ငံများဖြစ်တဲ့ တရုတ်၊ အိန္ဒိယနှင့် ထိုင်းသုံးငွေများပါ ရင်းနှီးမြှုပ်နှံခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းများ ပြုလာကြပါတယ်။ အဓိကပင်တိုင်ငွေကြေးမှာ ဒေါ်လာဖြစ်သော်လည်း နယ်စပ်ဒေသရှိ ကုန်သွယ်ရေးဇုန် မြို့ကြီးများ နီးစပ်ရာ အိမ်နီးချင်းနိုင်ငံသုံးငွေပိုင်းဖြင့်သာ အဓိကသုံးစွဲ လဲလှယ်ရောင်းဝယ်ကြရပါတယ်။

ထိုကဲ့သို့ ရင်းနှီးမြှုပ်နှံရောင်းဝယ်ရာတွင် မိမိနိုင်ငံရှိ နယ်စပ်မြို့ကြီးများ၌ နိုင်ငံခြားသုံးငွေ တရားဝင်ဘဏ်ငွေစာရင်းဖွင့်လှစ်ခွင့် (Foreign Exchange Current Bank Account) ဖွင့်လှစ် ပေးနိုင်ခြင်းမရှိသဖြင့် တိုင်းရင်းသားကုန်သည်ကြီးများအတွက် အခက်အခဲတစ်ခု ဖြစ်စေခဲ့ပါတယ်။ လွန်ခဲ့တဲ့(၂)လက တရုတ်နိုင်ငံမှာ ဘဏ်အကောင့် ပိတ်သိမ်းမှုများကြောင့် တိုင်းရင်းသားလုပ်ငန်းရှင် တော်တော်များများ နစ်နာဆုံးရှုံးမှုရှိခဲ့သည်ကို အားလုံးသိရှိမှာ ဖြစ်ပါတယ်။ အလားတူ အိန္ဒိယနယ်စပ်၊ ထိုင်းနယ်စပ် ကုန်သွယ်ပေါက်များတွင်လည်း ဤကိစ္စမျိုး တစ်နေ့တစ်ချိန် ကြုံတွေ့လာနိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော်တို့နိုင်ငံသည် နိုင်ငံခြားတိုင်းပြည်များနှင့် စဉ်ဆက်မပြတ် ရောင်းဝယ်ရဦးမည်

ဖြစ်ပါတယ်။ ကုန်သွယ်ရေးဆက်သွယ်မှုလမ်းကြောင်းများ ပွင့်လာသည်နှင့်အမျှ နယ်စပ်ကုန်သွယ်ရေး (Border Trade) နယ်မြေများ ပိုမိုဖွံ့ဖြိုးတိုးတက် ရောင်းဝယ်ရမည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံ ကုန်သွယ်မှု တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများ နစ်နာဆုံးရှုံးမှု မရှိစေရန်နှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ အောက်ပါမေးခွန်းများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ မြန်မာနိုင်ငံ၏ တရားဝင်ကုန်သွယ်ရေးဇုန်အဖြစ် သတ်မှတ်ထားသော နယ်စပ်ဒေသမြို့ကြီးများတွင် နိုင်ငံခြားသုံးငွေဘဏ်စာရင်းဖွင့်လှစ်ခွင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ် ရှိပါက မည်သည့်ဒေသ မည်သည့်နေရာတွင် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများ၏ ကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၉။**

**ဦးမောင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါဟု နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ၏ တရားဝင်ကုန်သွယ်ရေးဇုန်အဖြစ် သတ်မှတ်ထားသော နယ်မြေဒေသ၊ မြို့ကြီးများတွင် နိုင်ငံခြားသုံးငွေဘဏ်စာရင်း ဖွင့်လှစ်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားပေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ပိုင် မြန်မာ့စီးပွားရေးဘဏ်မှာ စုစုပေါင်းဘဏ်ခွဲ (၃၁၀)ရှိတဲ့အနက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုပေးထားတဲ့ နိုင်ငံခြားသုံးငွေရောင်းဝယ်ခွင့် (Authorized Dealer) ကျွန်တော်တို့ AD လိုင်စင်လို့ ခေါ်ပါတယ်၊ လိုင်စင်ရတဲ့ ဘဏ်ခွဲပေါင်းက(၁၀၁)ဘဏ်ရှိပါတယ်။ နိုင်ငံခြားသုံးငွေကိုင်ဆောင်ခွင့် (Account Holder)၊ AH လိုင်စင်လို့ ခေါ်ပါတယ်။ ဒီ လိုင်စင်ရတဲ့ဘဏ်ခွဲပေါင်းက (၂၀၁)ဘဏ်ရှိပါတယ်။ အဆိုပါဘဏ်ခွဲများမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုထားတဲ့ နိုင်ငံခြားသုံးငွေ(၃)မျိုးဖြစ်တဲ့ အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ စာရင်းများကို လုပ်ထုံးလုပ်နည်းနဲ့အညီ စာရင်းဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူ နိုင်ငံပိုင် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့မှာ ဘဏ်ခွဲ(၁)ခု၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ရန်ကုန်မြို့မှာ ဘဏ်ခွဲ(၁)ခုနဲ့ မန္တလေးမြို့မှာ ဘဏ်ခွဲ(၁)ခုတို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲ့ တရားဝင်ကုန်သွယ်ရေးဇုန်အဖြစ် သတ်မှတ်ထားတဲ့ နယ်စပ်ဒေသမှာရှိတဲ့ မြို့ကြီးများမှာ ပို့ကုန်/သွင်းကုန် လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်တဲ့နေရာမှာ အမေရိကန်ဒေါ်လာ တစ်မျိုးတည်းနဲ့ ဆောင်ရွက်နေတဲ့အနေအထားကနေ နယ်စပ်ဒေသကုန်သွယ်မှုလုပ်ငန်းများ တိုးတက် ဖွံ့ဖြိုးလာစေရေးအတွက် ၁၅-၁၁-၂၀၀၀ ခုနှစ်ကစပြီးတော့ မြန်မာ-တရုတ် နယ်စပ်နဲ့ မြန်မာ-အိန္ဒိယ နယ်စပ်တို့မှာ မြန်မာကျပ်ငွေ၊ အမေရိကန်ဒေါ်လာငွေနဲ့ တစ်ဖက်နိုင်ငံသုံးငွေကြေးတို့ဖြင့် ဆောင်ရွက် ခွင့်ပြုခဲ့ပါတယ်။

အလားတူ ရှမ်းပြည်နယ်နဲ့ ကရင်ပြည်နယ်တို့မှာရှိတဲ့ မြန်မာ-ထိုင်း နယ်စပ်ဒေသများ မှာလည်း ပို့ကုန်/သွင်းကုန်လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၏ ၂၈-၁၂-၂၀၀၀ ရက်စွဲပါ အမိန့်စာအမှတ်(၆/၂၀၀၀)အရ ပို့ကုန်/သွင်းကုန် လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာကျပ်ငွေ၊ အမေရိကန်ဒေါ်လာငွေနဲ့ ထိုင်းဘတ်ငွေများဖြင့် ဆောင်ရွက်ခွင့်ပြုခဲ့သဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများတွင် မြန်မာ-ထိုင်း နယ်စပ်ဒေသ ဘဏ်ခွဲ များ၌ မြန်မာကျပ်ငွေ၊ ထိုင်းဘတ်ငွေနှင့် အမေရိကန်ဒေါ်လာငွေ စာရင်းများကို ဖွင့်လှစ်ခွင့်ပြုထားပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရုတ်ယွမ်ငွေ၊ ထိုင်းဘတ်ငွေ၊ အိန္ဒိယရူပီးငွေ စာရင်းများ ဖွင့်လှစ် ဆောင်ရွက်ပြီးတော့ အပြန်အလှန်ငွေပေးချေနိုင်ဖို့ကိစ္စနှင့်ပတ်သက်ပြီး နှစ်နိုင်ငံဗဟိုဘဏ်အချင်းချင်း ညှိနှိုင်းသဘောတူပြီးမှသာ ဆောင်ရွက်နိုင်တဲ့ကိစ္စ ဖြစ်ပါတယ်။ ၎င်းငွေကြေးများဟာ နိုင်ငံတကာသုံး ငွေမာများအဆင့် မဟုတ်သေးသဖြင့် ပြည်တွင်းတွင် ခွင့်ပြုထားခြင်း မရှိသေးသော်လည်း နယ်စပ် ဒေသမြို့ကြီးများရှိ ဘဏ်ခွဲများတွင် ပို့ကုန်/သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာ၌ လွယ်ကူအဆင်ပြေ စေရေးအတွက် ခွင့်ပြုပေးထားခြင်း ဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ မြန်မာ-တရုတ်နယ်စပ် ဒေသရှိ မူဆယ်၊ ဗန်းမော်၊ မြစ်ကြီးနား၊ ကွမ်းလုံ ဘဏ်ခွဲများတွင် ယွမ်ငွေစာရင်းများကိုလည်းကောင်း၊ မြန်မာ-ထိုင်း နယ်စပ်ဒေသရှိ တာချီလိတ်၊ မြဝတီ၊ ထားဝယ်၊ မြိတ်၊ ကော့သောင်းဘဏ်ခွဲများတွင် ထိုင်း ဘတ်ငွေစာရင်းများကိုလည်းကောင်း၊ မြန်မာ-အိန္ဒိယ နယ်စပ်ဒေသရှိ တမူး၊ တီးတိန်ဘဏ်ခွဲများတွင် ရူပီးငွေစာရင်းများကိုလည်းကောင်း ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၆-၁၁-၂၀၁၇ ရက်နေ့ စာရင်းများအရ ယွမ်ငွေစာရင်း ဖွင့်လှစ်သူဦးရေ(၆၃)ဦး၊ ထိုင်းဘတ်စာရင်း ဖွင့်လှစ်သူဦးရေ(၁၈)ဦးနဲ့ ရူပီးငွေစာရင်း ဖွင့်လှစ်သူဦးရေကတော့ (၂)ဦးသာရှိကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌတစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုရာထူးဝန် အဖွဲ့ ဥက္ကဋ္ဌက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဝန်ကြီးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော ဘွဲ့ရမြန်မာ့လက်ရွေးစင် အားကစားသမားများကို ထူးချွန်မှုအပေါ် မူတည်ပြီး ရာထူးတိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)က ဝန်ကြီးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော ဘွဲ့ရ မြန်မာ့လက်ရွေးစင် အားကစားသမားများကို ထူးချွန်မှုအပေါ် မူတည်ပြီး ရာထူးတိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ ကျန်းမာချမ်းသာကြစေရန် ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာ အားကစားယှဉ်ပြိုင်ပွဲတွေ ကျင်းပပေးနေခြင်းဟာ သက်ဆိုင်ရာ နိုင်ငံအသီးသီးရဲ့ မိမိနိုင်ငံသားများရဲ့ အားကစားစွမ်းရည်မြင့်မားရေး ကျန်းမာကြံ့ခိုင်ရှင်သန်ဖွံ့ဖြိုးရေးအပါအဝင် သက်ဆိုင်ရာနိုင်ငံအသီးသီးရဲ့စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာနှင့် လူမှုဆက်ဆံရေးတို့ မြင့်မားတိုးတက်လာစေဖို့ ဆောင်ရွက်တဲ့အစီအစဉ်များဖြစ်ပါတယ်။ ဒါတင်မက မိမိနိုင်ငံရဲ့ တိုးတက်ဖွံ့ဖြိုးမှုကို အားကစားယှဉ်ပြိုင်အောင်နိုင်ခြင်းအားဖြင့် မိမိနဲ့ယှဉ်ပြိုင်ဘက် နိုင်ငံများအပေါ် ဂုဏ်ယူဝင့်ကြွားနိုင်ခြင်းနှင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာ အားကစားနှင့် ချစ်ကြည်ရေးနယ်ပယ်ကို ချဲ့ထွင်ခြင်းလည်းဖြစ်ပါတယ်။ ဒီနေရာမှာ နိုင်ငံတကာယှဉ်ပြိုင်ပွဲတွေအတွက် မိမိနိုင်ငံက အားကစားလူချွန်လူကောင်းတွေ အစဉ်အမြဲပေါ်ထွက်လာစေဖို့ အစဉ်လေ့ကျင့် ပျိုးထောင်နေဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံရဲ့လက်ရှိအနေအထားမှာ အတိတ်ကာလက အရှေ့တောင်အာရှရဲ့ အားကစားပွဲများဖြစ်စဉ်တစ်လျှောက်ကို ပြန်လည်နှိုင်းယှဉ်ကြည့်ရင် ဘောလုံးလောက ရွှေခေတ်နဲ့ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမနဲ့ အားကစားနယ်ပယ်အသီးသီးမှာ ထွန်းပြောင်တောက်ပခဲ့တဲ့ အားကစားသမားလူချွန်တွေ အများအပြား ပေါ်ထွက်လာခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။

ဘောလုံးလောကအနေနဲ့ အရှေ့တောင်အာရှသာမက အာရှအထိတိုးဝင် အောင်မြင်ကျော်ကြားခဲ့ပြီး ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲမှာ ကမ္ဘာ့အသန့်ရှင်းဆုံးဆု အားကစားအသင်းအဖြစ် ရရှိခဲ့တဲ့ အစဉ်အလာရှိခဲ့ပေမယ့် လက်ရှိအနေအထားမှာ ထိုင်း၊ ဗီယက်နမ်တို့ရဲ့နောက်မှာ ရောက်နေတာ ဝမ်းနည်းဖွယ်ရာ တွေ့ရှိရပါတယ်။ အဆိုပါ အားကစားသမားအားလုံးဟာ ဝန်ကြီးဌာနအသီးသီးက ကိုယ်စားပြုခဲ့ကြသူများဖြစ်ပါတယ်။ ယခင်ကာလက အရှေ့တောင်အာရှပွဲတွေမှာ မြန်မာ့ဂုဏ်ဆောင် အားကစားသမားတွေ အောင်နိုင်ခဲ့ရင် ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ ရဲတပ်ဖွဲ့က ရဲအုပ်

အဆင့်အတန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအောက်က ကြည်းတပ်၊ ရေတပ်တို့မှာ ဗိုလ်ကြီးအဆင့် တိုးမြှင့်ဂုဏ်ပြုခဲ့ကြပြီး အခြားဝန်ကြီးဌာနအသီးသီးကလည်း ရာထူးတိုးမြှင့်ဂုဏ်ပြုလေ့ရှိကြပါတယ်။

ဒါပေမဲ့ ဒီနေ့မှာတော့ အသက်အရွယ်ကြီးရင့်လာတဲ့ မြန်မာ့လက်ရွေးစင်ဟောင်းတစ်ဦးရဲ့ ထူးချွန်မှုအတွက်ရရှိခဲ့တဲ့ နေအိမ်တိုက်ခန်း သိမ်းဆည်းခံရခြင်းနှင့် ဘောလုံးလောကရဲ့ မြန်မာ့ လက်ရွေးစင်တစ်ဦး နေအိမ်ကဖယ်ရှားခံရခြင်း ဝမ်းနည်းဖွယ်ရာတွေ့ရှိရပါတယ်။ ဒီကနေ့ခေတ်မှာ ဝန်ကြီးဌာန ကိုယ်စားပြု အားကစားလူချွန်လူကောင်းများ၊ ဌာနအသီးသီးမှာရှိနေကြပေမယ့် အားပေး ချီးမြှောက်မှု အားနည်းလှကြောင်း ကြားသိရပါတယ်။ ဝန်ကြီးဌာနအသီးသီးရဲ့ ကိုယ်စားပြုဝန်ထမ်း တဖြစ်လဲ မြန်မာ့လက်ရွေးစင် အားကစားသမားတွေထဲမှာ ဒီနေ့ခေတ် ထူးခြားမှုတွေကတော့ အားကစား တွင်သာမက တက္ကသိုလ်ကဘွဲ့ရတဲ့ ပညာရေးကဏ္ဍမှာပါ ထူးချွန်သူတွေပါဝင်လာတာ တွေ့ရပါတယ်။

ဒီနေရာမှာ ဘွဲ့ရ(၁၀၀၀)မှာ မြန်မာ့လက်ရွေးစင် တစ်ယောက်ဖြစ်ဖို့ မလွယ်ကူကြောင်း နားလည်ကြရမှာ ဖြစ်ပါတယ်။ ခွန်အားနှင့်ယှဉ်ပြိုင်ရတဲ့ ကိုယ်ကာယ စွမ်းအားသာမက ဉာဏ်ရည် ဉာဏ်သွေးနှင့် ယှဉ်ပြိုင်ရတဲ့ ဘွဲ့ရပညာတတ်များကို စစ်တုရင်လောကမှာ တွေ့ရှိနိုင်ပါတယ်။ မြန်မာနိုင်ငံက ကမ္ဘာ့အဆင့် Grand Master အဆင့်စာရင်းဝင်ခဲ့သူတစ်ဦးဟာ လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာနမှာ ကိုယ်စားပြု မြန်မာ့လက်ရွေးစင်အဖြစ်သာမက ကမ္ဘာ့ Grand Master ဆုရှင် ရှားရှားပါးပါး အားကစားသမား ဖြစ်ခဲ့ပေမယ့် သာမန်အောက်တန်းစာရေးဘဝ လစာနှင့်ဘဝ ရုန်းကန်ခဲ့ရပါတယ်။ ယခု ကွယ်လွန်သွားရှာပါပြီ။ မထင်မရှားနှင့် ဘဝရပ်တည်ခဲ့ရပေမယ့် မြန်မာ့ စစ်တုရင်လောကအတွက် သမိုင်းရလဒ်ကောင်းတစ်ခုနှင့် နေဝင်သွားခဲ့ခြင်းဖြစ်ပါတယ်။

၂၀၁၆ ခုနှစ်က အီတလီနိုင်ငံမှာ ကျင်းပတဲ့ ကမ္ဘာ့အပျော်တမ်းချန်ပီယံပွဲ ပထမ ရခဲ့တဲ့သူ တစ်ဦးဟာ တစ်ချိန်က ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု စစ်တုရင်အားကစား သမား ဖြစ်ခဲ့ပေမယ့် ရာထူးချီးမြှင့်မှုအားနည်းလွန်းတာကြောင့် ၂၀၁၄-၂၀၁၅ မှာ ရဲတပ်ဖွဲ့က အနားယူ သွားခဲ့သူ ဖြစ်ပါတယ်။ လက်ရှိရဲတပ်ဖွဲ့မှာ တာဝန်ထမ်းဆောင်နေတဲ့ စစ်တုရင်အားကစားသမား တစ်ဦးကတော့ B.Sc ဂုဏ်ထူးတန်း မဟာသိပ္ပံ Qualify တန်းဝင် နိုင်ငံတကာ Master ကမ္ဘာ့ စစ်တုရင်အဖွဲ့ချုပ်က ပေးအပ်ထားတဲ့ နည်းပြဘွဲ့ရရှိထားသူဖြစ်ပြီး မကြာသေးမီကမှ မလေးရှားမှာ ကျင်းပတဲ့ စစ်တုရင်ပြိုင်ပွဲမှာ အိန္ဒိယ၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား ပြိုင်ဘက်တွေနဲ့ယှဉ်ပြိုင်ပြီး မြန်မာနိုင်ငံအတွက် တတိယဆု ရရှိထားသူတစ်ဦး ဖြစ်ပါတယ်။ ရဲတပ်ဖွဲ့မှာ သူ့ရဲ့လုပ်သက် (၁၃)နှစ် ရှိခဲ့ပြီးဖြစ်ကြောင်းသိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘွဲ့ရပြီး မြန်မာ့လက်ရွေးစင်အဖြစ် ဌာနအသီးသီးမှာ တာဝန်ထမ်းဆောင် နေကြသူများဟာ သူတို့နဲ့ထိုက်တန်တဲ့ ရာထူးတိုးမြှင့်ခံစားခြင်း လုံးဝမရရှိခဲ့တာ တွေ့ရပါတယ်။ မိမိ တို့ရဲ့ နုပျိုသန်စွမ်းတဲ့ အချိန်ကာလများကို ကျော်ဖြတ်ရင်း မြန်မာနိုင်ငံရဲ့ ဂုဏ်သိက္ခာကို မြှင့်တင် ပေးနေကြပေမယ့် သူတို့ကိုယ်တိုင်ကတော့ အမေ့လျော့ခံပုဂ္ဂိုလ်များ ဖြစ်နေပါတယ်။ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှာ နိုင်ငံတကာအားကစားပြိုင်ပွဲတွေ ဆုတစ်ခုခုရခဲ့ရင် ဒေါ်လာ(၇၀၀၀)နှင့် အခြား အခွင့်အရေးတွေရရှိကြောင်း သိရှိရပါတယ်။ တကယ်တော့ အားကစားလက်ရွေးစင်မလုပ်ဘဲ ရာထူးဝန်

စာမေးပွဲမှာ ဖြေဆိုပြီး မိမိကိုယ်ကျိုးအတွက် ကြိုးစားအားထုတ်ခဲ့ရင် အရာရှိရာထူး တစ်နေရာတော့ ရရှိမှာသေချာပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ ပြုစုပျိုးထောင်မှု အားနည်းလွန်းတာကြောင့် ပြီးခဲ့တဲ့ မလေးရှား Sea Game ပြိုင်ပွဲရဲ့ရလဒ်များကို ကြည့်ခဲ့ရင် မြန်မာ့အားကစား ဘယ်ရွေ့ဘယ်မျှ လျော့ကျနေတယ်ဆိုတာ တွေ့ရှိရမှာဖြစ်ပါတယ်။

မျိုးဆက်ကောင်းဆိုတာ ကောင်းမွန်တဲ့နည်းစနစ်နှင့် တန်ဖိုးသိတဲ့ဥယျာဉ်မှူးကောင်းများရဲ့ ပြုစုပျိုးထောင်မှုအောက်မှာ ရှင်သန်ဖူးပွင့်လာကြတာဖြစ်ပါတယ်။ သို့ပါ၍ ဝန်ကြီးဌာနအသီးသီးမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဘွဲ့ရထူးချွန်သူ မြန်မာ့လက်ရွေးစင် အားကစားသမားများအတွက် ထူးချွန်မှုအပေါ် မူတည်ပြီး ရာထူးတိုးမြှင့်ပေးပါရန် အစီအစဉ်များ ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နိုင်ငံ့ဝန်ထမ်း အရာထမ်း/အမှုထမ်းများ၏ ဒေသပြောင်းရွှေ့ခွင့်ကို ၎င်းတို့ဆန္ဒရှိပါက မိသားစု အဆင်ပြေ အခြေချရာ ဒေသများသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခွင့် ပြုပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်က နိုင်ငံ့ဝန်ထမ်း အရာထမ်း/အမှုထမ်းများ၏ ဒေသပြောင်းရွှေ့ခွင့်ကို ၎င်းတို့ဆန္ဒရှိပါက မိသားစု အဆင်ပြေ အခြေချရာ ဒေသများသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခွင့် ပြုပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ ဟုတ်ကဲ့။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ ကျွန်တော် အမျိုးသားလွှတ်တော်မှာ မေးမြန်းရမယ့် ကြယ်ပွင့်ပြ မေးခွန်းကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နိုင်ငံ့ဝန်ထမ်းများရဲ့ ဒေသပြောင်းရွှေ့ခွင့်အား ၎င်းတို့ဆန္ဒရှိပါက မိသားစု အဆင်ပြေ အခြေချရာ ၎င်းတို့ဒေသများသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိနှင့်ပတ်သက်လို့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံအတွင်းမှာရှိတဲ့ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဗဟိုအဖွဲ့အစည်းများနှင့် ၎င်းတို့လက်အောက်ရှိဦးစီးဌာနများ၊ လုပ်ငန်းအဖွဲ့အစည်းများ၊ တက္ကသိုလ်၊ ကောလိပ်၊ ကျောင်းအသီးသီးတို့မှာ တာဝန်ထမ်းဆောင်လျက်ရှိကြတဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(c)ပါ နိုင်ငံ့ဝန်ထမ်း အရာထမ်း/အမှုထမ်းများရဲ့ ဒေသပြောင်းရွှေ့ခွင့်လျှောက်ထားမှုများအား ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ အဖြစ်ပါဝင်သော ဝန်ကြီးဌာနစီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းပြီး

အဆိုပါကော်မတီရဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရသာ ဒေသပြောင်းရွှေ့ခွင့်ပြုကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်း၊ ဝန်ကြီးဌာနစီမံခန့်ခွဲမှုကော်မတီရဲ့ လုပ်ငန်းတာဝန် ဝတ္တရားများ သတ်မှတ်ချက်များအရလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများအများစုရဲ့တင်ပြချက်များအရ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့သော ၁၉၉၉ ခုနှစ် မတိုင်မီကာလများက နိုင်ငံ့ဝန်ထမ်းများရဲ့ ဒေသပြောင်းရွှေ့ခွင့်ကိစ္စရပ်တွေ၊ ခွင့်အမျိုးမျိုးပေးခြင်းဆိုင်ရာကိစ္စရပ်တွေနှင့်ပတ်သက်ပြီး ဥပမာအားဖြင့် မြို့နယ်အဆင့်၊ ဌာနတာဝန်ခံနှင့် ဦးစီးအရာရှိများမှအပ အခြားဝန်ထမ်းများအား တိုင်းဒေသကြီး/ ပြည်နယ်တာဝန်ခံများမှလည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနအတွင်း ဝန်ထမ်းအနည်းအများအလိုက် သင့်လျော်သလို လုပ်ပိုင်ခွင့် ခွဲဝေချထားပေးပြီး ဝန်ကြီးဌာနမှချမှတ်ထားသော မူဝါဒများနှင့်အညီ တာဝန်ယူမှု တာဝန်ခံမှုများဖြင့် ဆောင်ရွက်စေခဲ့ကြောင်း သိရှိရပါတယ်။ အဆိုပါကာလနောက်ပိုင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရသော ဦးစီးဌာန၊ အဖွဲ့အစည်း အကြီးအကဲများ၊ Decision Maker များသာမက ပြည်ထောင်စုဝန်ကြီး Policy Maker များအောက်က ဝန်ထမ်းရေးရာကိစ္စရပ်များကို ထိန်းချုပ်ဆောင်ရွက်လာမှုအပေါ်မှာ ဝန်ထမ်းချုပ်ကိုင်မှု၊ ဗဟိုချုပ်ကိုင်မှု လွန်ကဲလာပြီး ရှုပ်ထွေးသော ကြိုးနီစနစ်ကို ဖြစ်ပေါ်စေခဲ့သဖြင့် နိုင်ငံ့ဝန်ထမ်း အရာရှိငယ်များ၊ နိုင်ငံ့ဝန်ထမ်းများမှာ ၎င်းတို့ ဆီလျော်မှုမရှိတဲ့ဒေသများမှာ တာဝန်ထမ်းဆောင်ရတဲ့အတွက် မိသားစုအခက်အခဲ၊ ကျန်းမာရေးအခက်အခဲနဲ့ လူမှုရေးအခက်အခဲများစွာကို ရင်ဆိုင်ရပြီး ပျော်ရွှင်စွာတာဝန် ထမ်းဆောင်ရခြင်းမရှိတာကို သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းများကို ခရိုင်၊ မြို့နယ်အဆင့်များအလိုက် ဒေသခံဝန်ထမ်းများ၏ ဦးစားပေးတာဝန်ခန့်ထားမည်ဆိုပါက ဒေသခံပြည်သူလူထုနှင့် လိုက်လျောညီထွေမှု ရှိစေမည်ဖြစ်ပြီး ဒေသအကျိုးကို ပိုမိုဆောင်ရွက်နိုင်ရုံသာမက အဆိုပါ နိုင်ငံ့ဝန်ထမ်းမိသားစုများအနေဖြင့်လည်း လုပ်ငန်းခွင်မှာ ပျော်ရွှင်စွာထမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများဟာ ပြည်သူတစ်ရပ်ရဲ့ အစိတ်အပိုင်းဖြစ်တာနဲ့အညီ ၎င်းတို့ရဲ့တာဝန်များကို ပျော်ရွှင်စွာထမ်းဆောင်နိုင်ရေး၊ လာဘ်ပေးလာဘ်ယူမှု လျော့နည်းစေရေး၊ ဒေသခံပြည်သူလူထုနဲ့ လိုက်လျောညီထွေမှုရှိရေး၊ နိုင်ငံ့ဝန်ထမ်းများမှ ဒေသအကျိုးဆောင်ရွက်နိုင်ရေးတို့အတွက် အတတ်နိုင်ဆုံးအားဖြင့် မိသားစုနဲ့အတူတကွ ၎င်းတို့ရဲ့ဒေသများမှာ တာဝန်ထမ်းဆောင်ခွင့်ရရှိရေးမှာ မရှိမဖြစ် လိုအပ်တယ်လို့ ယူဆမိပါတယ်။ ဝန်ထမ်းအိမ်ရာမရှိတဲ့ ဌာနများမှ ဝန်ထမ်းမိသားစုများအတွက် အိမ်ငှားခစရိတ်၊ စားစရိတ်နဲ့ အခြားလူမှုရေးစရိတ်များကို လျော့နည်းသက်သာစေမည့်အပြင် အခြားလူမှုဘဝ အဆင်ပြေမှုများ ဖြစ်ထွန်းလာနိုင်တဲ့အတွက် နိုင်ငံ့ဝန်ထမ်းဘဝကို ဂုဏ်ယူရပ်တည်လာနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းအရာရှိကြီး၊ ညွှန်ကြားရေးမှူးများနှင့် အထက်ဝန်ထမ်းများ၏ ဝန်ထမ်းရေးရာကိစ္စရပ်များကိုသာ ဝန်ကြီးဌာနစီမံခန့်ခွဲမှုကော်မတီမှ ဆောင်ရွက်ရန် သင့်လျော်ပြီး ကျန်အဆင့်နိုင်ငံ့ဝန်ထမ်းများရဲ့ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ဦးစီးဌာနအကြီးအကဲ ဦးဆောင်သော ဦးစီးဌာနစီမံခန့်ခွဲမှုကော်မတီသို့ လုပ်ကိုင်ခွင့်ပြုစေပြီး၊ ထိုကော်မတီအား လိုအပ်သောမူဝါဒများ ချမှတ်ကာ ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး၊ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်သင့်တယ်လို့ ယုံကြည်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့က ကျင်းပခဲ့တဲ့ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာမှာ ကျင်းပတဲ့ မြန်မာနိုင်ငံဝန်ထမ်း ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ စီမံချက်အား ထုတ်ပြန်တဲ့အခမ်းအနားမှာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က ဖွံ့ဖြိုးသော နိုင်ငံများမှ နိုင်ငံ့ဝန်ထမ်းများ၏ ယုံကြည်ချက်၊ ခံယူချက်နဲ့ စိတ်ဓာတ်အင်အားများ တက်ကြွစေရန် အစိုးရအဖွဲ့အနေနဲ့ နိုင်ငံ့ဝန်ထမ်းများကို ဂရုစိုက်စောင့်ရှောက်ရန် တာဝန်ရှိကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့လည်း နားလည်သိရှိထားပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအတွက် ပိုမိုကောင်းမွန်တဲ့ လုပ်ငန်းခွင်ဖန်တီးပေးခြင်းနဲ့ မိသားစုဝင် နိုင်ငံ့ဝန်ထမ်းများအတွက် ပိုမိုကောင်းမွန်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ နိုင်ငံတော်ရဲ့ဝန်ထမ်းများကို နိုင်ငံတော်၏ ပကတိအခြေအနေအရ လစာများတိုးမြှင့်မပေးနိုင်သည့်တိုင် အခြားသောနည်းလမ်းများဖြင့် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမယ်လို့ အတိအလင်း ပြောကြားသွားတဲ့ မိန့်မှာချက်များလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း (၁) ပုဒ်မ ၂၊ ပုဒ်မခွဲ(င)ပါ နိုင်ငံ့ဝန်ထမ်း အရာထမ်း၊ အမှုထမ်းများရဲ့ ဒေသပြောင်းရွှေ့ခွင့်အား ၎င်းတို့ဆန္ဒရှိသည်ဆိုပါက ၎င်းတို့မိသားစု အဆင်ပြေရာဒေသများသို့ တာဝန်ထမ်းဆောင်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၃။**

**ဒေါက်တာဝင်းသိမ်း (ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ကျော်သန်းထွန်း (ကန်တုန်) မှ ဝန်ကြီးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော ဘွဲ့ရမြန်မာ့လက်ရွေးစင် အားကစားသမားများကို ထူးချွန်မှုအပေါ် မူတည်ပြီး ရာထူးတိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းလာပါသဖြင့် ပြည်ထောင်စုဝန်ကြီးဌာနအားလုံးနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့က တာဝန်ယူရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရာထူးတိုးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအနေဖြင့် တစ်ပြေးညီလိုက်နာကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေတွင် ပုဒ်မ ၂၃ မှ ပုဒ်မ ၃၀ အထိလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် နည်းဥပဒေ ၂၆ မှ နည်းဥပဒေ ၅၀ အထိလည်းကောင်း တိတိကျကျသတ်မှတ်ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါ

တယ်။ အဆိုပါ ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ ဝန်ထမ်းသည် ရာထူးအဆင့်အလိုက် သတ်မှတ်ထားသည့် ပညာအရည်အချင်း၊ ကျွမ်းကျင်မှု အရည်အချင်း၊ ရာထူးသက်၊ လုပ်သက်တို့နှင့် ပြည့်စုံ၍ တာဝန်ကို နိုင်နင်းစွာထမ်းဆောင်နိုင်သည်ဟု ယုံကြည်ကျေနပ်မှုရှိလျှင် သတ်မှတ်ချက်များ နှင့်အညီ ရာထူးတိုးမြှင့်ခြင်း၊ ခံစားပိုင်ခွင့်ရှိသည့်အပြင် အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားမှုအပေါ် မူတည်၍ သက်ဆိုင်ရာအရည်အချင်းစစ်ဆေးရေးအဖွဲ့၏ ထောက်ခံမှုအရ ချီးမြှင့် မြှောက်စားသည့်အနေဖြင့် ရာထူးတိုးမြှင့်ခြင်းကိုလည်း ခံစားပိုင်ခွင့်ရှိပါတယ်။

ထို့အပြင် ထူးချွန်စွာ တာဝန်ထမ်းဆောင်သည့် နိုင်ငံ့ဝန်ထမ်းများအား အသိအမှတ်ပြု ချီးမြှင့်မြှောက်စားနိုင်ရန် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ (ဆ)တွင် ထူးချွန်မှု၊ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်မှုတို့အတွက် ချီးမြှင့်ခြင်းကို ခံစားခွင့်ဟုလည်းကောင်း၊ ပုဒ်မ ၃၁ တွင် သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းသည် တာဝန်ထမ်းဆောင်ရာတွင် ထူးချွန်မှုနှင့် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်သော ဝန်ထမ်းအား သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ရာထူးတိုးမြှင့်ပေးခြင်း၊ ကြိုတင် နှစ်တိုးလစာချီးမြှင့်ခြင်း၊ ဂုဏ်ပြုလွှာပေးအပ်ခြင်း၊ ဆုချီးမြှင့်ခြင်းနှင့် အခြားနည်းဖြင့်ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်ဟုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၄၈ တွင် ဝန်ထမ်း တစ်ဦး၏ လုပ်ရည်ကိုင်ရည်အရည်အသွေး စွမ်းဆောင်ရည်များသည် လွန်စွာထူးခြားပြောင်မြောက်သည့် အခြေအနေတွင်ရှိခြင်း၊ အခြားဝန်ထမ်းများထက် ထူးကဲသာလွန်ခြင်း၊ စိတ်ချယုံကြည်စွာ တာဝန်လွှဲအပ် ဆောင်ရွက်နိုင်စွမ်းရှိခြင်းစသည့် ထူးခြားသောအခြေအနေများကြောင့် ချီးမြှင့်လိုပါက အရည်အချင်း စစ်ဆေးရေးအဖွဲ့၏ ထောက်ခံတင်ပြမှုအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ သဘောတူညီချက်ဖြင့် ရာထူးတိုးမြှင့်ပေးနိုင်သည်။ သို့ရာတွင် ရာထူးဝန်အဖွဲ့၏ သဘောတူညီချက်ဖြင့်သာ ခန့်ထားရမည့် ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးဖြစ်ပါက ရာထူးဝန်အဖွဲ့သို့ အဆိုပြုညှိနှိုင်း၍ ဆောင်ရွက်ရမည်ဟု လည်းကောင်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများမှလည်း ဘွဲ့ရမြန်မာ့ လက်ရွေးစင်အားကစားသမားများအပါအဝင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခြင်း၊ ဆုတံဆိပ်များရရှိမှုအပေါ် မူတည်၍ ပညာအရည်အချင်းကန့်သတ်မှုမရှိဘဲ တစ်ဆင့်မြင့်ရာထူးသို့ တိုးမြှင့်ခန့်ထားပေးခြင်းများကို နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများမှာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားချက်များကို ပေးပို့လာသည့်အတွက် ဝန်ကြီးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော ဘွဲ့ရ မြန်မာ့လက်ရွေးစင် အားကစားသမားများ အပါအဝင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား ဝန်ထမ်းများအား ထူးချွန်မှုအပေါ် မူတည်ပြီး ရာထူးတိုးမြှင့်ပေးခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ ဝန်ထမ်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဝန်ကြီးဌာန အားလုံးနှင့် ပေါင်းစပ်ညှိနှိုင်းကာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် မှ နိုင်ငံ့ဝန်ထမ်း အရာထမ်း၊ အမှုထမ်းများ၏ ဒေသပြောင်းရွှေ့ခွင့်ကို ၎င်းတို့ဆန္ဒရှိပါက မိသားစုအဆင်ပြေ အခြေချရာ ဒေသများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းလာပါသဖြင့် ပြည်ထောင်စုဝန်ကြီးဌာန အားလုံးနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့က တာဝန်ယူရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းများအား ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဝန်ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့အစည်း တစ်ခုခုမှ ပြန်တမ်းဝင် အရာရှိတစ်ဦးဦးကို အခြားဝန်ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့အစည်းတစ်ခုခုသို့ ပြောင်းရွှေ့ခန့်ထားလိုသည့်ကိစ္စရပ်များကို နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၈ နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၃ မှ နည်းဥပဒေ ၂၅ အထိပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ထောက်ခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြပေးလျက်ရှိပါတယ်။ အမှုထမ်းများ ပြောင်းရွှေ့ခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၁၇-၁၀-၂၀၁၃ ရက်စွဲပါစာအမှတ် ၉/၁၅၃ ဌာနကူးအပြောင်း အဖရ ၂၀၁၃ ဖြင့် ညွှန်ကြားထားသည်နှင့်အညီ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ နှစ်ဖက်ဌာနအဖွဲ့အစည်းတို့၏ အပြန်အလှန် သဘောတူညီမှု၊ နေရာလစ်လပ်မှု ရှိ/မရှိ၊ ကာယကံရှင်၏ ဆန္ဒပြုလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်၊ ပြစ်မှုကင်းရှင်းမှု ရှိ/မရှိစသည့် အချက်အလက်တို့ကို ပြည့်စုံစွာဖော်ပြလျက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့တင်ပြ၍ ခွင့်ပြုချက် ရယူဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းခဲ့သည့် ဒေသပြောင်းရွှေ့ခွင့်ကဲ့သို့သော ဝန်ကြီးဌာနတွင်း ပြောင်းရွှေ့ခြင်းများနှင့် စပ်လျဉ်း၍ ဝန်ထမ်းများ၏ ဆန္ဒအရ ဒေသပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုနိုင်ပါရန် တင်ပြလာပါက လူမှုရေးအခက်အခဲ တင်ပြချက်၊ ကျန်းမာရေးအခြေအနေ တင်ပြချက်၊ မိသားစုပေါင်းစုနေထိုင်ရေး တင်ပြချက်၊ ပြောင်းရွှေ့လိုသည့် အကြောင်းအရင်းတို့ကို စိစစ်၍ ပြောင်းရွှေ့လိုသည့် ဒေသရှိ အိမ်ထောင်စုဇယားကိုပါ ပူးတွဲတင်ပြစေပြီး သက်ဆိုင်ရာဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်ဖြင့် ပြောင်းရွှေ့နေရာချထားပေးလျက်ရှိပါကြောင်း၊ လျှောက်ထားလာသည့် ဒေသ၌ နေရာလစ်လပ်မှု မရှိပါက အမြဲတမ်းနေရပ်လိပ်စာ၊ မိသားစုအခြေချနေထိုင်ရာ လိပ်စာများနှင့် အနီးစပ်ဆုံးဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနများမှ ဖြေကြားချက်များ ပေးပို့လာသည့်အတွက် ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း အကြီးအမှူး၊ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးတို့၏ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် စီမံခန့်ခွဲမှု နည်းလမ်းများနှင့် ဆောင်ရွက်လျက်ရှိပါကြောင်း ဝန်ကြီးဌာနအားလုံးနှင့် ပေါင်းစပ်ညှိနှိုင်းကာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းခြင်း

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၁။**

**ဒေါက်တာဝင်းသိမ်း(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှ ပြုစုရေးသားခဲ့သည့် ပြည်သူ့ဝန်ထမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းအစည်းအဝေးများပြုလုပ်၍ ပြင်ဆင်ဖြည့်စွက်ခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်ရယူ၍ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတို့သို့ လုပ်ထုံးလုပ်နည်းနဲ့ အညီ အဆင့်ဆင့် တင်ပြလမ်းညွှန်မှု ခံယူပြီးနောက် ပြုစုရေးဆွဲထားရှိသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးနိုင်ရန် အလို့ငှာ အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၅)ဖြင့်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေအား ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၄၂)ဖြင့်လည်းကောင်း ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါတယ်။ နိုင်ငံ့ဝန်ထမ်း(Civil Service Personal)နှင့် ပြည်သူ့ဝန်ထမ်း (Public Service)၏ အဓိပ္ပာယ်တို့မှာ သဘောသဘာဝ မတူညီသဖြင့် ကွဲပြားခြားနားသည့် အင်္ဂါရပ်များကို ရှင်းလင်းစွာ ခွဲခြားသိရှိခြင်းအားဖြင့် ဝန်ထမ်းများ ဖွဲ့စည်းခန့်အပ်ရာတွင်လည်းကောင်း၊ ဝန်ထမ်းများ၏ လစာ၊ စရိတ်၊ အငြိမ်းစားလစာနှင့် ခံစားခွင့်ဆိုင်ရာတွင်လည်းကောင်း၊ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းနှင့်အညီ စနစ်တကျ အကျိုးရှိ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့ဝန်ထမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပြုစုရေးသားပြီး ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့သို့ ပေးပို့တင်ပြခဲ့သည့်အပေါ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ လမ်းညွှန်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့၌ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ အဆင့်မြင့်အရာရှိကြီးများနှင့် ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး ညှိနှိုင်းရရှိချက်များဖြင့် ပြင်ဆင်ဖြည့်စွက်၍ လုပ်ထုံးလုပ်နည်းနဲ့အညီ အဆင့်ဆင့်တင်ပြလမ်းညွှန်မှု ခံယူပြီးနောက်

ပြည်သူ့ဝန်ထမ်း၏ အခိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြည့်စွက်ထားသည့် နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းအား တင်ပြရခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းအား ၁၂-၁၀-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ရုံးသို့ ပေးပို့တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ထို့ကြောင့် ကျွန်တော်မှ တင်သွင်းတဲ့ ဥပဒေမူကြမ်းကို လက်ခံဆွေးနွေးပေးပါရန် အမျိုးသားလွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အုန်းကြည် ဖြစ်ပါတယ်ရှင်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီမှ တာဝန်ပေးချက်အရ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

### အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
### နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်
### စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၇ - ၅၁၇

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန်အတွက် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ -

(က) ဥပဒေရေးထုံးမှန်ကန်မှု ရှိစေရန်အတွက် ဥပဒေကြမ်းခေါင်းစဉ်ကို နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေအစား နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၇) ဟုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၂၊ ပုဒ်မ ခွဲ(ဃ)၊ ပုဒ်မခွဲငယ်(၁)တွင် ဖော်ပြထားသော လွှတ်တော် အဖွဲ့အစည်းများ၏ အကြီး အမှူးများဆိုသည့်စကားရပ်ကို လွှတ်တော်များ၏ အကြီးအမှူးများဆိုသည့် စကားရပ် ဖြင့်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(စ)တွင် ဖော်ပြထားသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟို ဘဏ်ရုံး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံးနှင့် ဥပဒေအရ ဖွဲ့စည်းသည့် ဆိုသည့်စကားရပ်အစား ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော် ဗဟို ဘဏ်ရုံး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးနှင့် ဥပဒေအရ ဖွဲ့စည်းသည့် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၂ ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များ အစား နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဈ)၏ နောက်တွင် ပုဒ်မခွဲ(ည) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အရေး အသား ကျစ်လျစ်မှုရှိစေရန်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင် သည့် ဥပဒေကြမ်းအပိုဒ် ၂၊ ပုဒ်မခွဲ (ည)၊ အပိုဒ်ခွဲငယ်(၄)တွင် ဖော်ပြထားသော စကားရပ်များအစား အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်များနှင့် တရားရေးဌာနများတွင် တာဝန်ထမ်းဆောင်နေသော်လည်း နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ထားခြင်းမဟုတ်သောသူများနှင့် လုပ်ငန်းသဘောသဘာဝအရ သီးခြားခန့်အပ် တာဝန်ပေးထားသူများ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး ပြင်ဆင် ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ)တွင် ဖော်ပြထားသော ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဆိုသည့်စကားရပ်ကို ပြည်ထောင်စုအစိုးရအဖွဲ့ ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၃ ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များအစား နိုင်ငံ့ဝန်ထမ်းဥပဒေ

ပုဒ်မ ၇၄ ၏နောက်တွင် ပုဒ်မ ၇၄-က နှင့် ၇၄-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းများ၏ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ ထည့်သွင်းပြဋ္ဌာန်းရန် လိုအပ်သည့်အတွက် ဥပဒေကြမ်း အပိုဒ် ၃၊ ပုဒ်မ ၇၄-က ၏ နောက်တွင် ပုဒ်မ ၇၄-ခ အဖြစ် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ပြည်သူ့ဝန်ထမ်းများနှင့် သက်ဆိုင်သော လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ ရေးသားပြဋ္ဌာန်းထားရှိရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးပြင်ဆင် ဖြည့်စွက်သင့်ကြောင်းနှင့် နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၂၊ ပုဒ်မခွဲ (ည)၊ အပိုဒ်ခွဲငယ်(၉)ကို အပိုဒ်ခွဲငယ်(၄)နှင့် ပေါင်းစပ် ရေးသားထားခြင်းဖြစ်သဖြင့် အပိုဒ်ခွဲငယ်(၉)ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။　　သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ**။　　။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ အလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၂-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသား လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၄)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၁၁း၁၂ နာရီအချိန်တွင် ရပ်နားပါသည်။]